**၁၀။ ပျပိုး**

**Cotton Aphids : *Aphis gossypii* (Glover, 1877)**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**





အကောင်များအား အဝါရောင်၊ အမဲရောင် နှင့် စိမ်းမဲရောင်များအဖြစ် မြင်တွေ့ရသည်။

**ဖျက်ဆီးပုံလက္ခဏာများ**




ပိုးမမည်အကောင်များနှင့် အတောင်မပါသော အကောင်ကြီးများသည် အပင်၏ ထိပ်ဖျားပိုင်းများ၊ အရွက်များ၊ အဖူးများနှင့် ပင်စည်များတွင်ကျရောက်ဖျက်ဆီးသည်။ ပျပိုးများသည် အပင်ရောဂါများကိုလည်း သယ်ဆောင်ကူးစက်စေသည်။ပျပိုးမှထွက်ရှိသော ပျားရည် အစက်များကြောင့်အမဲရောင်ကျပ်ခိုးမှိုများလည်း ကျရောက်တတ်ပါသည်။

**ဘဝစက်ဝန်း**

ပိုးမမည် အဆင့် – **(၉-၁၀)** ရက်

အကောင်ကြီး အဆင့် – **(၈-၉ )** ရက်

ဥအဆင့်မှ အကောင်ကြီး အဆင့်ထိ တစ်လခန့်ထိ အသက်ရှင်နိုင် ကြပါသည်။

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) ပတ်ဝန်းကျင်ရှိပေါင်းမြက်များကို ရှင်းလင်းပါ။

(၂) ဖျက်ပိုးဒဏ်ခံနိုင်ရည်ရှိသောမျိုးများအားရွေးချယ်စိုက်ပျိုးပါ။

(၃) အဝါရောင်ပိုးဖမ်းထောင်ချောက်များတပ်ဆင်၍အကောင်ကြီးများအားဖမ်းယူပါ။

(၄)နံနက်စောစော စိုက်ခင်းပတ်ဝန်းကျင် လေတင်ဘက်မှ မီးခိုးမှိုင်း တိုက်ပါ။

(၅)မျိုးစေ့အား မစိုက်မီအီမီဒါကလိုပရစ်(Imidacloprid 600FS /Imidacloprid 70SS) ဆေးများဖြင့်လူးနယ်စိုက်ပျိုးပါ။

(၆)ပင်လုံးပြန့်အာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်းအ တိုင်းပက်ဖျန်းပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- ဖစ်ပရိုနေး(Fipronil)
- ကာဘိုဆာလဖန်(Carbosufan)
- အဆီတာမီပရစ် (Acetamiprid)